FPB
First Private Bank
ပထမ ပုဂ္ဂလိကဘဏ် လီမိတက်
NO. 619-621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.
TELEPHONE: 095-1-376 451 ~ 452 / 378 267 ~ 269. 095-1-251 748 ~ 749 / 246 786
FAX: 095-1-242 320/ 250 148
Website: www.firstprivatebank.com.mm
e-mail: hofirst.office@fpb.com.mm admindept.ho@fpb.com.mm

# ပထမပုဂ္ဂလိကဘဏ်လီမိတက် (၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပရန် အသိပေးအကြောင်းကြားခြင်း

**လေးစားအပ်ပါသောအစုရှယ်ယာရှင်များခင်ဗျား**

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို **၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း** ကျင်းပရန်စီစဉ်ထားပါသည်။

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့တက်ရောက်နိုင်မည့် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖြစ်ဝင်ရောက်အရွေးချယ်ခံလိုသူများ၏ **အစုရှယ်ယာများ နောက်ဆုံးဝယ်ယူရမည့်နေ့ (Last Date to Trade)မှာ (၂၀-၁၀-၂၀၂၂)နေ့ဖြစ်ပြီး၊ ရန်ကုန်စတော့အိပ်ချိန်း(YSX)မှ Record Date (၂၆-၁၀-၂၀၂၂)နေ့စွဲဖြင့်ပေးပို့သည့် အစုရှယ်ယာရှင်စာရင်းကို အတည်ပြုသတ်မှတ်မည်ဖြစ်ပါသည်။**

၂။ (၃၁)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဘဏ်၏သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၅)အရ **ဒါရိုက်တာ(၃)ဦး အလှည့်ကျနုတ်ထွက်မည်ဖြစ်ပြီး လစ်လပ်သွားမည့် ဒါရိုက်တာ(၃)ဦးနေရာတွင် အစားထိုး** ပြန်လည်ရွေးချယ်တင်မြှောက်မည်ဖြစ်ပါသည်။

၃။ ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင် ဒါရိုက်တာအဖြစ်ဝင်ရောက်အရွေးခံရန် စိတ်ဝင်စားသူများသည် လက်ရှိသင်းဖွဲ့စည်းမျဉ်းအပိုဒ်(၉၁)အရ အနည်းဆုံးအစုရှယ်ယာ ကနဦးသတ်မှတ်တန်ဘိုး(Nominal Value (or) Par Value) ကျပ်**(၁၀)သိန်းနှင့်ညီမျှသော အစု(၁၀၀)စု** ပိုင်ဆိုင်ထားရန်လိုအပ်ပါသည်။

၄။ ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၏ (၃၀-၇-၂၀၂၂)ရက်နေ့တွင် ကျင်းပသည့် (၇/၂၀၂၂)အကြိမ်မြောက် အစည်းအဝေးတွင် “ဒါရိုက်တာတစ်ဦးသည် ဘဏ်အစုရှယ်ယာ ကနဦး သတ်မှတ်တန်ဘိုး(သို့) အမည်ခံတန်ဘိုး Par Value (or) Nominal value ကျပ်-၅၀,၀၀၀,၀၀၀/-(ကျပ်သိန်း၅၀၀)နှင့်ညီမျှသော အစုရှယ်ယာအရေအတွက်ကို ပိုင်ဆိုင်ရမည်”ဟုဆုံးဖြတ်ခဲ့ပြီး၊ လာမည့် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအတွင်းကျင်းပမည့် (၁၁)ကြိမ်မြောက် အထူးအစည်းအဝေးတွင် အတည်ပြုချက်ရယူမည်ဖြစ်ပါသည်။

၅။ ဒါရိုက်တာအဖြစ်လျှောက်ထားသူများသည် ဒါရိုက်တာအဖြစ်အရွေးခံရပါက သတ်မှတ်အစုရှယ်ယာအရေအတွက် မပြည့်မီလျှင် (၂)လအတွင်း ပြည့်မီအောင်ဆောင်ရွက်ပေးရပါမည်။

၆။ ဒါရိုက်တာလျှောက်လွှာများလက်ခံပေးမည့်ရက်ကို အသေးစိတ်ထပ်မံကြေငြာပါမည်။ ထပ်မံသိရှိလိုသည့်အချက်များ ရှိပါက ဖုန်းနံပါတ် **၀၁-၃၇၆၄၅၁ နှင့် ၀၁-၃၇၆၄၅၂** တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့